


# လွန်း☆တာမို့

## မခံစားနိုင်တော့ဘူး

နှ်းချိုသိန်း ရွှေကြည်

2013

# အခန်း(၁)

"အန်ကယ်ရေ.."

"ဟေ.."

"သမီးတို့ အလှည့်ရောက်ပြီလား"

"ရောက်ပြီ"

"ဒါဆို.. တစ်ယောက်ပြီးမှ တစ်ယောက် ဝင်ရမှာ လား.. သုံးယောက်ပြူးကြီး တစ်ခါတည်း ဝင်ရမှာ လား.."

"သုံးယောက်ပြူးကြီး ဝင်ခဲ့.."

အမယ်လေးနော်..

အရေးထဲမှာ အင်တာဗျူးဖို့ လာတဲ့ ဥစ္စာကို..

လိပ်ဥဖွက်တမ်း ကစားဖို့ လာတာ ကျနေတာပဲ..။

ဝင်တာတောင် သုံးယောက်ပြူးကြီး ဝင်ရမတဲ့ ။

ပြဿနာပဲ.. ဘယ်လို ကုမ္ပဏီလဲ။

"ခစ်.. ခစ်.. အဲဒီ အန်ကယ်ကြီးက အရမ်းဟားရတယ်သိလား... လက်ဝဲရံ မကြောက်နဲ့ ... မကြောက်နဲ့ .. တို့ ကို အင်တာဗျူးမှာ အဲဒီ

မျက်မှန် နှစ်ထပ်နဲ့ အန်ကယ်ကြီးက မေးမှာ ... ဒီကုမ္ပဏီမှာ ပိုင်ရှင်ပြီးရင် ဒီအန်ကယ်ကြီးက အကြီးဆုံး.. "

"အမလေး..."
အကြီးဆုံးဆို၍ ရဲ့ ကိုယ်လုံးလေးက နည်းနည်းတောင် တွန့်သွားမိ၏။

အဝါရောင်ဆိုတဲ့ ရှပ်ပလာမက စကားပြောရင် ဘယ်ရောက်လို့ ရောက်မှန်းလည်း မသိ။ ရဲ့ နောက်မှာ ရပ်နေတဲ့ နားကွင်းဝိုင်းလေးနှစ်ဖက်နဲ့ ဆွေချစ်က အခန်းထဲကို မျက်လုံးပြူးလေးဖြင့် လှမ်းကြည့်ကာ...

"ဟုတ်... ဟုတ်တယ်ဟဲ့.. ဒီအန်ကယ်ပုံစံက သဘောကောင်းမယ့် စတိုင်လ်မျိုး... ဝင်လိုက်ဟာ ကြာတယ်... သူတို့ ကုမ္ပဏီမှာ တို့ သုံးယောက်ကို ခန့်ချင်လည်း ခန့်၊ မခန့်ချင်လည်း နေ၊ မြန်မြန်ဝင်.. ဗျူးလိုက်တာ အကောင်းဆုံးပဲ.."

"ငါ... ငါလက်ဖျားလေး အရမ်းအေးနေပြီ ဆွေချစ်ရဲ့ .."

အဝါရောင်နဲ့ ဆွေချစ်က တက်ကြွနေပေမဲ့ ရုံကတော့ Personal File လေးကို တင်းတင်းလေး ပွေ့ကိုင်ကာ သံဗုဒ္ဓေ ဂါတာကိုပဲ ဖင်တပြန် ခေါင်းတပြန် အယောင်ယောင်အမှားမှားဖြင့် ပြန်ရွတ်နေမိ၏။

ဒီကုမ္ပဏီကြီးက အရမ်းခမ်းနားပြီး အရမ်းသားနားနေတာမို့ ရုံ အင်တာဗျူးမှာ ကြောက်နေတာလည်း ပါသပေါ့။

ဆွေချစ်က အတင်းလက်ဆွဲ ခေါ်လို့ အမှန်အကန် မြန်မာ ဆန်ဆန် ဒီဇိုင်းလေး...

အဆောင်ကနေ သုံးယောက်သား ထွက်လာကတည်းက..

"ဟယ်... လက်ဝဲရုံ... ကြည့်စမ်း ငါတို့ သုံးယောက်မှာ ရုံ တစ်ယောက်တည်း အပီခမ်းနားနေတာ... ဒီပုံအတိုင်းဆို ရုံကိုပဲ ကုမ္ပဏီ

က အလုပ်ခန့်သွားမှာ သေချာတယ်၊ ငါတို့ နှစ်ယောက်ကတော့ မျှော်ပါပြီ.."

"ဟင်.. ဘယ်လို မျှော်မှာ လဲ ဆွေချစ်ရဲ့ ..."

"ဟာ.. ဘယ်လို မျှော်ရမှာ လဲ.. ဒီလို ယက်ကန် ယက်ကန်၊ ကားတား ကားတားလေးနဲ့ မျှော်မှာ လေ.. အဝါရောင်ရဲ့ .."

"ဟား.. ဟား"

အဆောင်မှာ အတူတူ အခန်းငှားနေရင်း တစ်နယ်စီကနေ လာဆုံခင်မင်သွားကြတဲ့ သူငယ်ချင်း သုံးယောက်။ အရွယ်လေးတွေက မတိမ်းမယိမ်း။ ပုံစံလေးတွေက အလန်းစားပုံစံလေးတွေမို့ ရံတို့ သုံးယောက်ထွက် လာပြီ ဆိုတာနဲ့ ပျိုပျိုအိုအို ယောကျ်ားတွေရဲ့ အကြည့်တွေက မသိမသာ တစ်မျိုး၊ သိသိသာသာ တစ်မျိုးနဲ့ ကို သွားလေရာ အရပ်၊ ရောက်လေရာ နေရာတိုင်းမှာ ကိုပဲ ဝဲဝဲလာနေတော့ တာပါ။

ဟော... အခု.. ကုမ္ပဏီမှာ အလုပ်လျှောက်တော့လည်း အတူတူ။

"အန်ကယ်ရေ"

"ဟေ... ဟေ"

"သမီးတို့ သုံးယောက် အန်ကယ်ရှေ့ကို ရောက်ပါပြီ..."

"ရောက်ရင် ထိုင်.. ရောက်ရင် ထိုင်"

အန်ကယ်ကြီးက ရံတို့ သုံးယောက်ကို မော့မကြည့်သေးဘဲ လေလေး တချွန်ချွန်နှင့် အံဆွဲကို ငုံ့ကြည့်ကာ တစ်ခုခုကို ရှာနေ၏။ စားပွဲရှေ့မှာ ချထားတာကလည်း ထိုင်ခုံသုံးလုံးကို စီတန်းပြီးတော့ ချထားတာမို့ ထိုင်ရတာလည်း အဆင်ပြေသွား၏။

"အန်ကယ်ရေ..."

"ဟေ..."

အဝါရောင်က တကယ့်ဟာသ။

နှုတ်သွက် လျှာသွက်ကလေးနှင့် အန်ကယ်ရေ.. အန်ကယ်ရေ နှင့် တစ်ချိန်လုံး အန်ကယ်နေတာ... ဟိုကလည်း တဟေဟေနှင့် ပြန်ထူးပြီး တော့ ရံတို့ သုံးယောက်ကို မော့မကြည့်သေး။

"အန်ကယ် ဘာရှာနေတာလဲ..."

"မျက်မှန် ပျောက်လို့ ရှာနေတာ"

ဘုရားရေ.. ကြည့်စမ်း။

မျက်မှန်ကို မျက်နှာကြီးပေါ်မှာ တပ်ထားပြီးတော့ မျက်မှန်ပျောက် လို့ ရှာနေတာတဲ့ ။ သွပ်ခပဲ။ သုံးယောက်စလုံး တိုင်ပင်မထားဘဲ ခစ်ခနဲ ရယ်မိ၏။ ရယ်ပြီးတော့မှ အဝါရောင်က...

"အန်ကယ်ရေ.."

"ဟေ"

"အန်ကယ်ရှာနေတဲ့ မျက်မှန်က အန်ကယ့်မျက်နှာမှာ "

"ဟာ... ကြည့်စမ်း"

"ခွိ..."

ကုမ္ပဏီကို စလာကတည်းက အဖြစ်က အဲလို အူတူတူ။

အန်ကယ်ကြီးက အလန့်တကြားဟန်ကလေးနှင့် ကိုယ့်မျက်နှာကို စ မ်းရင်း မျက်မှန်ကို ပြန်တွေ့သွားတာမို့ တဟဲဟဲရယ်ကာ ရံတို့ သုံးယော

က်ဘက်ကို အခုမှ လှည့်တော်မူသည် ။

"နို့.. မင်းတို့ က ဘယ်သူတွေလဲ..."

"ဟဲဟဲ... အန်ကယ် မမှတ်မိတော့ဘူးလား.. ကုမ္ပဏီ ညွှေ့ကြိုဌာန ရာထူးအတွက် လူတွေ့အစစ်ခံဖို့ အရွေးခံထားရတဲ့ ကောင်မလေးတွေလေ.. အန်ကယ်က သုံးယောက်ပြူးကြီး တစ်ခါတည်း ဝင်ခဲ့ဆိုလို့ ၊ သမီးတို့ က ဝင်... လာ... တာ..."

အဝါရောင်ဖြေတာက ခေါင်းကလေးကို စောင်းကာမဲ့ကာ ဝင်လာတာဆိုတဲ့ စကားသုံးလုံးကို ဖြေလိုက်တာလည်း တကယ့်ကို ကန္တဲ့ကလျလေး။

"ဟုတ်ပါပြီ... ဟုတ်ပါပြီ... လျှောက်လွှာလာတင်တဲ့ နေ့က တွေ့လိုက်ရတဲ့ မင်းတို့ သုံးယောက်စလုံးကို အန်ကယ် မှတ်မိပါပြီ။ ကဲ.. ဘယ်မှာ လဲ မင်းတို့ ရဲ့ ကိုယ်ရေးဖိုင်ကလေးတွေ၊ အန်ကယ့်ကိုပေး..."

"ဒီ... ဒီမှာ ပါ အန်ကယ်.."

ဖိုင်သုံးခုစလုံးကို တစ်ခါတည်း ထပ်ပေးလိုက်တော့ အန်ကယ်ကြီးက အပေါ်ဆုံးရောက်နေတဲ့ ဆွေချစ်ရဲ့ ဖိုင်ကို အရင်ဆုံး လှန်ကြည့်သည် ။

"ဆွေချစ်ချစ်တဲ့ ၊ ကဲ... ဆွေချစ်ချစ်ဆိုတာ ဘယ်သူလဲ.."

"သမီး... သမီး..အန်ကယ်၊ ဆွေချစ်က သမီး... ဟဲဟဲ"

"ရပြီ... ရပြီ... ဒီလောက်ဆို အန်ကယ်သိပြီ..."

ဆွေချစ်ပြီးတော့ နောက်တစ်ဖိုင်။

"ဟင်... နာမည်ကြီး ဘယ်လိုကြီးလဲ.."

"ရှင်.. အန်ကယ်… ဘာဖြစ်လို့ လဲ.."

"အဝါးရောင်တဲ့ .."

"ဘုရားရေ.."

ဒုက္ခပါပဲ.. အဝါရောင်လို့ သေသေချာချာ ရေးထားတဲ့ ဟာကို မျက်မှန်ကြီး နှစ်ထပ်နဲ့ အန်ကယ်ကြီး ဘယ်လိုဖတ်လိုက်တာလဲ။ အဝါရောင်မျက်နှာလေး ရှုံ့မဲ့နေရ၏။ ဒါကို ခွိခနဲ ရယ်လိုက်တာ ဟိုနှစ်ယောက်။

"အဝါးက ဘာရောင်နေလို့ ဒီလို နာမည်ကြီး ပေးထားရတာလဲကွာ"

"ဟာ… အန်ကယ်.. အန်ကယ် မှားနေပြီ သိလား၊ အဝါးလည်း ဘာမှ မရောင်ဘူး… သမီးနာမည်က အဝါရောင် Yellow Colour"

"Yellow Colour"

အန်ကယ်ကြီး ခုမှ သဘောပေါက်သွားဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်သည် ။

"ဟုတ်ပြီ.. Yellow Colour.. Sorry… Sorry၊ အန်ကယ် မှားသွားလို့ "

အန်ကယ်ကြီး နောက်ဆုံးဖွင့်ဖတ်လိုက်တာ လက်ဝဲရံရဲ့ ဖိုင်ကလေး။

"အဟင်.. မဆိုးပါလား၊ နာမည်လေးတွေကလည်း လှ၊ ရုပ်လေးတွေကလည်း ချော၊ နယ်ကလာတဲ့ ဘွဲ့ရပညာတတ်တွေဆိုတော့.. ကြိုက်တယ်… ကြိုက်တယ်… ၊ မင်းတို့ သုံးယောက်စလုံးကို အန်ကယ်ကြိုက်တယ်…"

"ရှင်.. အန်ကယ်.."

လက်ဝဲရံက မျက်တောင်လေး ပင့်ကြည့်လိုက်မိပေမဲ့ ဆွေချစ်က…

"ကြိုက်ရမှာ ပေါ့ အန်ကယ်ရယ်... သမီးတို့ သုံးယောက်လုံးက လုံးဝ ရေတစ်စက်မှ မရောရသေးတဲ့ အမှန်အကန်လေးတွေပါ အန်ကယ်... ဒွတ်ဒက် ရွှတ်ရှက်တွေလည်း အကုန်ရတယ်... ဝေါ်အိုက်လီတွေ ၊ တော်ဂွိုက်ဆီတွေလည်း ဖြစ်တယ်... အရီးဂတော ကိုဆိုင်းမတ်တို့ ဂျာဂစ်ဆားဗူးသရီးတို့ ... အို... ကြိုက်တာ လာထား အန်ကယ်.. ဖောကိတ်နဲ့ ရောကြိတ်တဲ့ နေရာမှာ ဒီသုံးယောက်ကို ဘယ်သူမှ လိုက်လို့ မမှီစေရဘူးဆိုတာ ဆွေချစ် လုံးဝ အာမခံတယ်..."

"ကြိုက်တယ်ကွာ.. အန်ကယ်ကတော့ မင်းတို့ သုံးယောက်စလုံးကို အရမ်းကြိုက်နေပြီကွ.."

ဒုက္ခပါပဲ.. ဘာမှ တောင် မမေးရသေးဘဲနဲ့ ...။

"ကြိုက်ရင် ဝယ်ထား ဈေးမများ နဲ့ နော် အန်ကယ်... သမီးတို့ သုံးယောက်က တော်တန်ရုံ ကုမ္ပဏီမျိုးမှာ လခ ဘယ်လောက်ပဲ ပေးပေး ဝင်လုပ်ဖို့ အစီမစဉ် မရှိလို့ အန်ကယ်တို့ ကုမ္ပဏီကိုပဲ သဘောကျတာနဲ့ ဝင်လျှောက်ကြတာပါ... ဆွေချစ်က မော်လမြိုင်သူ၊ အဝါရောင်က မန္တလေးသူ၊ လက်ဝဲရံက ဟင်္သာတသူ..."

"နယ်ကလာတဲ့ မိန်းကလေးတွေမို့ အန်ကယ်က သဘောကျတာကွ သိလား... ကဲ.. မင်းတို့ ကို အန်ကယ် မေးမယ်... မင်းတို့ အခု အလုပ်ဝင်ရမှာ ကုမ္ပဏီရဲ့ ဧည့်ကြိုဌာနမှာ ဆိုတော့ ဧည့်ဝတ်ပျူငှာမှုနဲ့ ပေါင်းသင်းဆက်ဆံရေးမှာ အရမ်းအရေးကြီးတယ်ကွာ.. မင်းတို့ ပြုံးတတ်သလား ... အန်ကယ့်ကို ပြုံးပြစမ်း..."

အဝါရောင်က ဝင်၍ ...

"ဟာ... အန်ကယ်ကလည်း ပြုံးတာလေးများ ဘာခက်တာမှတ်လို့ ဧည့်သည် တစ်ယောက် ဝင်လာတာနဲ့ ဟဲဟဲဆိုပြီး ဒီလို ပြုံးပြလိုက်မှာ

ပေါ့.."

"ဟာ.. မရဘူး.."

"ရှင်.. အန်ကယ်.. ဒါပြုံးတာလေ.."

"နိုး.. နိုး.. Clasic smile ဆိုတာ ဒါမျိုး ပြုံးတာ မဟုတ်ဘူး ၊ ကဲ... ဟိုဘက် အစွန်က တစ်ယောက် မင်းပြုံးကြည့်စမ်း"

သည် တစ်ခါတွင် တော့ အဝါရောင်လို သွားသုံးဆယ့်နှစ်ချောင်းပေါ်အောင် ဆွေချစ်က မပြုံးတော့ဘဲ မျက်နှာပိုးလေးသတ်ကာ အရှိန်လေးယူလိုက်ပြီးတော့မှ ...

"အဟင်း.. ဟင်း.."

"ဟာ.. ဒါပြုံးတာမှ မဟုတ်တာ.."

"ဟင်... ပြုံးတာ မဟုတ်ရင် ဘာလဲ အန်ကယ်ရဲ့ .."

"အဲဒါ... အီးညှစ်တာ.."

"ဘုရားရေ.."

"ဟား.. ဟား"

"ဟုတ်တယ်.. ဆွေချစ်၊ ဟုတ်တယ်... ဟုတ်တယ်.. နင့်ဟာက အရှိန်လေး ယူပြီးမှ စိတ်ထိန်းပြီး ပြုံးလိုက်တာဆိုတော့ ပြုံးတာနဲ့ မတူဘဲ အန်ကယ်ပြောသလိုကြီး ဖြစ်သွားတာ၊ ဟိုလေ..အန်ကယ်.. ဒီလို လုပ်ပါလား "

"ဟင်.. ဘယ်လို လုပ်ရမလဲ"

"ရုံတို့ ကလေ ဒေ့ကြို့ဌာနမှာ လုပ်ရမယ်ဆိုတော့ အန်ကယ်လိုချင်တဲ့ အရည်အချင်းကို ရုံတို့ သဘောပေါက်ပါတယ်... ရုံတို့ က နယ်က

လာတာဆိုတော့ အန်ကယ်ပြောတဲ့ Clasic smile အကြောင်းကို သိပ်မသိသေးလို့ ရှင်းပြပါလား အန်ကယ်.. ဖြစ်နိုင်ရင် ရုံတို့ သုံးယောက်ကို ကြည့်ပြီး အန်ကယ် ပြုံးပြပါလား"

ဒါကိုတော့ လက်ဝဲရုံကပဲ တောင်းတောင်းပန်ပန်ကလေး ဝင်ပြောမိသည်။

"အဟင်း.. ဒီမှာ၊ ကမ္ဘာပေါ်မှာ လူရယ်လို့ ဖြစ် လာပြီဆိုကတည်းက လူတိုင်းပြုံးတတ်ကြတာ၊ ဒါဆန်းကြယ်တဲ့ ကိစ္စ တစ်ရပ်မှ မဟုတ်တာ … အန်ကယ် လိုရင်းကို တိုတို တုတ်တုတ်ပဲ ပြောမယ်… ပြုံးနည်း ပြုံးဟန်တွေ အများကြီး ရှိတဲ့ အထဲက အရောင်မပါဘဲ လုံးဝ သန့်စင်နေတဲ့ အပြုံး၊ ဟောဒီမှာ .. ကြည့်၊ ဒီလို အပြုံး… အခန်းထဲကို ဧည့်သည် တစ်ယောက် ဝင် လာပြီဆိုတာနဲ့ ကိုယ်နဲ့ သိသိ မသိသိ၊ ကိုယ်က စပြီး ပြုံးပြလိုက်ရမဲ့ အပြုံး.. ဟောဒီလိုလေး… အဟင်း.. ဟင်း…"

"စားတယ်.. အန်ကယ်ရာ.."

"မလွယ်ပါလား"

အန်ကယ်ကြီး ပြုံးပြတာကို ကြည့်ပြီး ရယ်ချင်ပေမဲ့ မရယ်ရဲပါ။

"ကဲ… အန်ကယ် ပြုံးသလို မင်းတို့ သုံးယောက်စလုံး ပြုံးကြည့်စမ်း.. "

"ဒီ.. ဒီလိုလား အန်ကယ်…"

"ဟုတ်ပြီ… ဟုတ်ပြီ.. အလယ်က တစ်ယောက် မှန်တယ်၊ ရိုက်.. ရိုက် "

အလုပ်ခန့်မှာ က ဧည့်ကြိုဌာန။

လုပ်ပြနေရတာက ရုပ်ရှင် မင်းသမီး ရွေးနေတဲ့ အတိုင်း။

ဆွေချစ် စိတ်မရှည်တော့။

"ဟိုလေ.. အန်ကယ်၊ ဒီမှာ အန်ကယ့်ကို ပြုံးပြနေရတာ၊ ဆွေချစ်တို့ ပါးတွေလည်း ညောင်းနေပြီ။ ဟို.. ဟို.. ဆွေချစ်တို့ အခု လာလျှောက်တာ ကုမ္ပဏီ ဧည့်ကြို ဌာန ရာထူးအတွက် လာလျှောက်တာနော် အန်ကယ်... မင်းသမီးရွေးပွဲအတွက် လာလျှောက်နေတာ မဟုတ်ဘူး "

"ဟုတ်တယ်နော် ဆွေချစ်... ဒီလို ပြုံးတတ်တယ်ဆိုရင် ဒီဧည့်ကြိုဌာနမှာ လုပ်တော့မလား၊ မင်းသမီး လုပ်စားပြီး အေးအေးဆေးဆေး ပိုက်ဆံတွေ သဲ့ယူလိုက်တော့မယ်... ဟွန်း"

"နင်တို့ ကလည်း ဟယ်.. အင်တာဗျူးဖြေတာ ဒီလောက်တော့ စိတ်ရှည်ဦးမှ ပေါ့ဟဲ့.. ဒီအန်ကယ် ကြီးကလည်း ငါတို့ သုံးယောက်စလုံးကို ကြိုက်နေပြီပဲဟာ... ဟုတ်တယ်နော် အန်ကယ် သမီးတို့ သုံးယောက်စလုံးကို အန်ကယ်ကြိုက်တယ်နော်.."

"ကြိုက်တယ်... ကြိုက်တယ်"

"ဟင်း.. ဟင်း.. ကျေးဇူးတင်ပါတယ်နော် အန်ကယ်..."

"ကျေးဇူးပါနော်"

"ဒါဆို အိုကေပြီပေါ့"

လျှာသွက် အာသွက် သုံးယောက်မို့ ပြုံးပြုံးလေးတွေနဲ့ တက်တက်ကြွကြွလေး ဖြစ်နေသည် ။

"အဟင်း... အန်ကယ် လိုချင်တာ အဲလို ဖော်ရွေတဲ့ အပြုံး ပိုင်ရှင်လေးတွေကို လိုချင်တာ... ဧည့်ကြိုဌာနဆိုတာ ကုမ္ပဏီအတွက်

အရေးကြီးတဲ့ ဌာနမို့ ညွှန့်သည် တွေ စိတ်အနှောက်ယှက် ဖြစ်သွားမှာကို အန်ကယ် မလိုချင်ဘူး... ဒါကြောင့်မို့ သေသေချာချာလေး စီစစ်ပြီးတော့ ရွေးနေရတာ"

"ရွေးပါ.. အန်ကယ်.. ရွေးပါ... ရွေးပါ... အဟင်းဟင်း"

"ကဲ... အန်ကယ် မင်းတို့ ကို နောက်တစ်ခုမေးမယ်၊ မင်းတို့ မှာ အိမ်ထောင် မရှိတာ သေချာတယ်နော်"

"ဟာ... သေချာပါတယ် အန်ကယ်၊ အိမ်ထောင်ရှိဖို့ နေနေသာသာ ရည်းစားတောင် တစ်ယောက်မှ မထားဘူးသေးတဲ့ အပျိုစင်စစ်စစ်လေးတွေပါ၊ နေတာကလည်း တိုက်ခန်း အဆောင်တစ်ခုကို သုံးယောက်စပ်တူငှားပြီး အတူတူ နေကြတာပါ၊ အန်ကယ် မယုံရင် ပေါင်းကြည့်ပါ အန်ကယ်..."

"အမလေး... ပေါင်းတော့ မကြည့်ပါရစေနဲ့ "

"ဟာ.. အဝါရောင်၊ နင် အန်ကယ့်ကို ဘာတွေ လျှောက်ပြောနေတာလဲ၊ နင်လုပ်တာနဲ့ ဟိုမှာ အန်ကယ် မျက်နှာ မထားတတ်တော့ဘူး ဖြစ်နေတယ်"

"ရတယ်.. ရတယ်... ဒီလို ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ပြောတာ အန်ကယ် သဘောကျတယ်... ကဲ.. အန်ကယ် နောက်တစ်ခု ထပ်မေးမယ်နော်"

"ဟုတ်.. မေးပါ အန်ကယ်"

"မင်းတို့ သုံးယောက်က ဒီကုမ္ပဏီမှာ အလုပ်လာလျှောက်တာဆိုတော့ မင်းတို့ လိုချင်တဲ့ ခန့်မှန်းလစာကို အန်ကယ် သိချင်တယ်"

"ရှင်.. အန်ကယ်၊ သမီးတို့ လိုချင်တဲ့ ခန့်မှန်းလစာ ဟုတ်လား"

"အဲဒါ.. နင်ပဲ ပြောလိုက် ဆွေချစ်၊ နင်က ငါတို့ သုံးယောက်ရဲ့ ငွေကိုင်ဆိုတော့ တစ်လ တစ်လ ငါတို့ အသုံးစရိတ် ဘယ်လောက်ရှိတယ်ဆိုတာ နင်ပဲ အသိဆုံး"

"ဟုတ်တယ် ဆွေချစ်၊ လက်ဝဲရံ ပြောတာ မှန်တယ်၊ အန်ကယ့်ကို နင်ဘာမှ အားနာမနေနဲ့ .. နင်လိုချင်တဲ့ လစာကို စိတ်ထဲကနေတွက်ပြီး တစ်ခါတည်း ပြောလိုက်"

ဆွေချစ်က မျက်တောင်ကော့လေးတွေကို တဖျတ်ဖျတ်ပုတ်ပြီး စဉ်းစားသည် ။ လက်ဝါးလေးကို ထောင်ပြီးတော့လည်း လက်ချောင်းကလေးတွေ တစ်ချောင်းပြီး တစ်ချောင်း ချိုးကာ တွက်ကြည့်နေ၏။

ပြီးတော့မှ လျှာကလေး တစ်လစ်ထုတ်ပြီး ပြုံးကာ..

"ဟဲ.. ဟဲ.. အန်ကယ်ကို ပြောရမှာ တော့ အားနာတယ် အန်ကယ်... အန်ကယ်က လိုချင်တဲ့ ခ နဲ့မှန်းလစာကို ပြောဆိုလို့ ပြောရတာ.. အန်ကယ် သိတဲ့ အတိုင်း ခုခေတ် ကုန်စျေးနှုန်းတွေက"

"ဟုတ်ပါပြီ.. အန်ကယ်ကလည်း ဒါကို သိလို့ မေးနေတာ.."

"ဟိုလေ.. တစ်ယောက်ကို သုံးသိန်းလောက် ပေးပါလား အန်ကယ် ..."

"ဘာ... ဘာပြောတယ်.."

သုံးသိန်းလို့ ပြောတာနဲ့ အန်ကယ်ကြီး မျက်လုံးပြူးသွားပြီး..

"တစ်ယောက်... တစ်ယောက်ကို သုံးသိန်း ဟုတ်လား"

"ဟဲ.. ဟဲ.. ဒီလိုပါ အန်ကယ်.. တစ်ယောက်ကို သုံးသိန်းရရင် သုံးယောက်ဆိုတော့ ၉သိန်းရမယ်မလား၊ အဲဒီ ကိုးသိန်းမှာ တစ်လ တစ်လ

အလုပြင် ပစ္စည်းတွေ ဝယ်ရမှာ က တစ်သိန်းခွဲဖိုး၊ အဝတ်အစားတွေ ဝယ်ချင်တာက တစ်ယောက် တစ်သိန်းဆိုတော့ သုံးသိန်းဖိုး၊ အိမ်စားစရိတ်က တစ်နေ့ကို တစ်သောင်းခွဲနဲ့ တွက်ရင် တစ်လဆို လေးသိန်းခွဲဖိုး"

"ဘယ်... ဘယ်လို မင်းတို့ သုံးယောက်စားရင် တစ်နေ့ကို တစ်သောင်းခွဲကျတယ် ဟုတ်လား... ဘုရား.. ဘုရား.. ဘာတွေများ ချက်စားနေလို့ သုံးယောက်တည်းနဲ့ ဒီလောက် ကုန်နေတာလဲ"

"ဟာ.. အန်ကယ်ကလည်း ကိုယ့်မှာ အလုပ်ရှိနေမှ တော့ ဟိုတုန်းက ချက်မစားနိုင်တာတွေ အခုချက်စားတော့မှာ ပေါ့ အန်ကယ်ရဲ့ ... ပုဇွန်ထုပ် ဆီပြန်လေး ချက်စားလိုက်၊ ကြက်ကလေး ဘဲကလေး ပေါင်းလိုက်၊ ဗိုက်ကားအောင် စားပြီးတာနဲ့ ရှော့ပင်လေး ထွက်လိုက်၊ ဟဲဟဲ.. ဆွေချစ်တို့ သုံးယောက်လုံး အလုပ်ရရင် ဝယ်ဖို့ တေးထားတဲ့ ပစ္စည်းတွေက အများကြီး... ဒါကြောင့်မို့... တစ်ယောက်ကို သုံးသိန်းနဲ့ ၊ ကိုးသိန်းတောင်းတာပေ့ါ အန်ကယ်ရဲ့ ၊ ဟုတ်တယ်နော်... ဘော်ဒါတို့ "

"ဟုတ်တယ်.. ဟုတ်တယ်၊ ရရင်တော့ သမီးတို့ လောက်အောင် သုံးပေ့ါမယ် အန်ကယ်ရယ်.. အန်ကယ်ဆီက လာမချေးပါဘူး"

"မ... ပေး.. နိုင်... ဘူး"

"ဟယ်... ကြည့်စမ်း၊ အန်ကယ်.. အရမ်းစိတ်ဆိုးသွားပြီ"

"မ... ပေး... နိုင်... ဘူး.."

"ဘုရားရေ.. တို့ ကို အင်တာဗျူးတဲ့ အန်ကယ်ကြီး မျက်လုံးပြူးနေပြီ၊ ဒုက္ခပါပဲ... ဆွေချစ်ရယ်.. နင်ဘာလို့ အဲ့လောက်ထိ သွားတောင်းရတာလဲ၊ ဟို.. ဟို... နည်းနည်းပြန်လျှော့လိုက် ဆွေချစ် နည်းနည်းပြန်လျှော့လိုက်.."

"ဟာ.. မသိဘူးလေဟာ... နင်တို့ က တောင်းဆိုလို့ ဆွေချစ်လည်း တောင်းလိုက်တာ... ဟွန်း.. မပေးနိုင်လည်း နေပေ့ါ"

"ဟို... ဟို.. စိတ်မဆိုးပါနဲ့ အန်ကယ်.. ဆွေချစ်ကလေ မသိလို့ တောင်းမိတာပါ၊ ရံတို့ ကို ပေးချင်သလောက်ပဲ ပေးပါ... အန်ကယ်.. ဘယ်လောက်ပဲ ရရ ရံတို့ က အဆင်ပြေပါတယ်.. နှစ်ဦး နှစ်ဖက် ကျေကျေနပ်နပ်လေးနဲ့ အဆင်ပြေသွားရင် ပိုကောင်းတာပေ့ါ အန်ကယ်ရယ်... မဟုတ်ဘူး လား.."

"ခြောက်....သောင်း...ပေး...မယ်.."

"ရှင်.. ခြောက်သောင်း ဟုတ်လား.. ရတယ်.. ရတယ်"

"ဟို.. အောက်ဆိုဒ်လေး ဘာလေးတော့ ရနိုင်သေးလား အန်ကယ်"

မနေနိုင် မထိုင်နိုင် ဆွေချစ်က ဝင်မေးသည် ။

"အောက်ဆိုဒ် လိုချင်ရင် ကိုယ့်ဟာကိုယ် အပြင်မှာ ထွက်ရှာ"

"အမလေး"

နောက်ဆုံးမှာ တော့...

The Golden Three Bells ကုမ္ပဏီမှာ အလုပ်ရသွားတဲ့ လက်ဝဲရံတို့ သုံးယောက်။

ဝတ်ရတဲ့ ဝတ်ဆုံလေးက..

ဒူးဖုံးစကပ် အပြာရောင်လေးကို ဝတ်စကုတ် ပန်းခရမ်းရောင်လေး နဲ့ တွဲလို့ ။

အမိုက်စား.. အပျံစား..။

အလန်းဇယားလေး သုံးယောက်ဖြစ်လာခဲ့ပြီ။

***

# အခန်း(၂)

"ဟင်း.. ဟင်း"

ညော့်ကြိုခန်းထဲကို တစ်ယောက် ဝင်လာလိုက်။

သိသိ မသိသိ အန်ကယ်ကြီး သင်ပေးသလို ပြုံးပြလိုက်။

"ဟဲ.. ဟဲ.."

"ဟင်း.. ဟင်း.."

"မင်္ဂလာပါ..."

"မင်္ဂလာပါ.. မင်္ဂလာပါ.."

နောက်တစ်ယောက် ဝင်လာလိုက်၊ Clasis Smile လေးကို ဖန်ဆင်းလိုက်နဲ့ ကြာတော့ ပါးတွေညောင်းလာတာ ကိုယ့်ပါးကိုယ် လက်နဲ့ ပြန်ပြန်ညှစ်ပေးရတဲ့ အထိ။ မနက် ကိုးနာရီ အလုပ်စဝင်ကတည်းက ပြုံးပြလိုက်တာ ထမင်းစားချိန်ထိ မနားရသေး။

ညော့်ကြိုခန်းထဲမှာ ချပေးထားတာက..

စားပွဲရှည်က တစ်လုံး၊ ရုံတို့ သုံးယောက်ထိုင်ဖို့ က ခုံသုံးလုံး။

"ဟင်း.. ဟင်း.."

ဟော.. လာပြန်ပြီ တစ်ယောက်။

သိသိ မသိသိ ရုံ ပြုံးပြလိုက်ရပြန်ပြီ။

"ဟယ်... ကြည့်စမ်း.."

ရုံက ပြုံးပြလိုက်ပေမဲ့ သူက ရုံ့ကို ပြန်ပြုံးမပြ။

ဘာလဲဟ.. ဝတ်ထားတဲ့ ပုံစံလေးနဲ့ မျက်နှာထားက မိုက်သလား မမေးနဲ့ ။

နှုတ်ခမ်းမဲ့မဲ့လေးနှင့် ရုံတို့ သုံးယောက်စလုံးကို မျက်ဝန်းလေး တစ်ချက် ဝေ့ကြည့်ပြီးတော့မှ ချာခနဲ လှည့်ထွက်သွားတော့။

"ပြဿနာပဲဟာ.. ဆွေချစ်.. ငါပြုံးပြတာကို ပြန်ပြုံးမပြဘဲ လှည့်ထွက်သွားတယ်ဟ.. ကုမ္ပဏီကို လာတဲ့ ဧည့်သည် လားမသိဘူး၊ လိုက်.. လိုက်... ဆွေချစ်၊ ဧည့်သည် ဆိုရင် ဧည့်ဝင်ခွင့်ကတ် လုပ်ရဦးမယ်လေ"

ဆွေချစ်လိုက်ခေါ်တော့မှ ဧည့်သည် က ခပ်တည်တည် မျက်နှာထားလေးနဲ့ ပြန်လိုက်လာ၏။

"အမလေး.. ကျေးဇူးရှင်က မလိုက်ဘူး လုပ်နေလို့ မနည်းချော့ခေါ်လာရတယ်.. ဟင်း.. ဟင်း.. ထိုင်ပါ၊ ဒီကုမ္ပဏီထဲကို ဝင်ရင် ဒီမှာ ဧည့်ဝင်ခွင့်ကဒ်လေး လုပ်ရလို့ ပါ.. စိတ်တော့ မရှိပါနဲ့ .."

"နေပါဦး.. မင်းတို့ သုံးယောက်က ဘာတွေလဲ"

ကြည့်စမ်း..

သူကတော့ ရုံတို့ သုံးယောက်စလုံးကို ပြန်မေးနေသေး။

ခုံမှာ လည်း မထိုင်ဘဲ ဧည့်ကြိုခန်းကြီး တစ်ခုလုံးကို ဟိုဘက်မော့ကြည့်လိုက်၊ ဒီဘက်မော့ကြည့်လိုက် လုပ်နေ၏။ ရုံစိတ်ထဲက မ

သက်ာတော့။ အနားမှာ ရှိသည့် အဝါရောင်ကိုပဲ တိုးတိုးလေးကပ်ကာ ပြောမိ၏။

"အဝါရောင်..."

"ဟင်.. ဘာလဲ လက်ဝဲရံ"

"ညွှေ့သည် ပုံစံက အရမ်းမိုက်တယ်နော်.. နှုတ်ခမ်းလေးတွေ အသားလေးတွေကအစ အိစက်နေတာပဲ.."

"ဟုတ်တယ်ဟဲ့... ငါလည်း အဲဒါကို ကြည့်ပြီး သဘောကျနေတာ၊ ဧည့်သည် က မာနတော့ တော်တော်ကြီးမယ့် ပုံစံပဲ.. ခုံမှာ တောင် ဝင်မထိုင်ဘဲ ခါးထောက်ပြီးတော့ လျှောက်ကြည့်နေတာ၊ ဟော... ဟော.. ဟိုမှာ နင့်ကို လှည့်ကြည့်နေပြီ လက်ဝဲရံရဲ့ .."

"ဟင်"

"ဟိတ်.. မင်းတို့ သုံးယောက်ကို မေးနေတယ်လေ... မင်းတို့ ဘာတွေလဲ ဆိုတာ ပြောစမ်း"

"အောင်မယ်..."

ကြည့်စမ်း..

ကုမ္ပဏီကို လာတဲ့ ဧည့်သည် ကများ လူတွေကို လာဟောက်ရတယ်လို့ ။

ဆွေချစ်.. ခါးကလေးကို ထောက်လိုက်တာက ဖျတ်ခနဲ။

"ဒီမှာ .. ဒီမှာ .. ကုမ္ပဏီထဲကို ဟိုလိုလို ဒီလိုလိုနဲ့ ရှင်ဝင်လာလို့ ကျွန်မတို့ အဖွဲ့က ရှင့်ကို ခေါ်မေးနေတာ.."

"ဘာပြောတယ်.."

"အဟွန်း.. ရှင်ကပဲ ကျွန်မတို့ ကို ပြန်ဟောက်နေသေးတယ်၊ ဒီမှာ ရှင်ဟာ ဂျန်းတဲမန်းဆိုရင် ဒီစားပွဲမှာ ခဏလောက် ဝင်ထိုင်လိုက်ပါ၊ ကျွန်မတို့ က လာသမျှ ဧည့်သည် တွေကို စစ်ဆေးမေးမြန်းရမယ့် တာဝန်ကျဝန်ထမ်းတွေရှင့်.. နားလည်ရဲ့ လား"

"ဩော်... ဩော်... ဟုတ်ပါပြီ.. ဟုတ်ပါပြီ"

နှုတ်ခမ်းမဲ့မဲ့လေးနဲ့ သူက ပြုံးရင်း ထိုင်ခုံမှာ ဝင်ထိုင်တော့ လက်ဝဲရံနဲ့ မျက်နှာချင်းဆိုင်လေး ဖြစ်သွားသည် ။

ဘယ်ဆိုးလို့ လဲ။

အနီးကပ်လေး သေသေချာချာ ကြည့်လိုက်တော့မှ ဧည့်သည် က တော်တော်ချောတဲ့ ဧည့်သည် ပါလား။ မျက်ခုံးတန်းထူထူ စိမ်းစိမ်းကြီးနှစ်ခုက အလယ်မှာ ထိဆက်လို့ ။ အဟင်း... တကယ်မိုက်တဲ့ အလန်းစတိုင်လ်နဲ့ ။ အပေါ်မှာ ရှပ်အဖြူရောင် လက်ရှည်ကို ကြယ်သီးတွေ စေ့ပိတ်နေအောင် တပ်ထားပြီး အောက်မှာ က နက်ပြာရောင် စတိုင်လ်ပန်ပွပွလေးကို တွဲဝတ်ထားလို့ ပေါ့။ လက်မှာ ကိုင်ထားတာကလည်း အတက်ချီအိတ်ကလေး။

"ဟာ.. မေးလေ.. ပြဿနာပဲ"

"ဟမ်"

သူ့ဆီက ဆောင့်ဆောင့်အောင့်အောင့် အသံထပ်ထွက်လာတော့မှ ရံကလည်း သူ့ကို မေးဖို့ သတိရသွားသည် ။

"ဟိုလေ.. ရှင့်နာမည်ကို အရင်ဆုံးပြော"

"မပြောဘူး.."

"ရှင်.. ငှက်ပျောဖူး ဟုတ်လား၊ မနောက်နဲ့ နော်.. ရှင့်ကို အကောင်း မေးနေတာ.. ကျွန်မတို့ မေးတာ ရှင်ကောင်းကောင်း မဖြေရင် ရှင် ဝတ္တာ ရားနှောက်ယှက်မှုနဲ့ ရှင်.. ဂန့်သွားမယ်"

အဝါရောင်က မျက်ခုံးလေး တွန့်ကြည့်ကာ ဝင်စွာ၏။

ဆွေချစ်ကလည်း ဒီလူ ထွက်ပြေးလို့ မရအောင် နောက်ကနေ ပိတ် ကာထားသည် ။

ဟွန်း.. ဘယ်ရမလဲ။

ဆွေချစ်တို့ က ကုမ္ပဏီမှာ ဒီနေ့မှ အလုပ်ဆင်းပေမဲ့ အထာက နပ်ပြီး သား။ ကုမ္ပဏီထဲကို ဒီလို အပုံစား ခပ်မိုက်မိုက်လေး ဝတ် လာပြီး.. ဟို လိုလို ဒီလိုလိုနဲ့ အလစ်သုတ်သွားရင် ဘယ်လိုလုပ်မလဲ။ ခပ်တည်တည် နဲ့ ဒါမျိုးလုပ်စားနေတဲ့ သူတွေက အများကြီး။ ဒါကို ဆွေချစ်တို့ အဖွဲ့က ဖမ်းပြလိုက်ရင် ရာထူးလည်း တိုး၊ လစာလည်း တိုး၊ ဟား.. ဟား.. ကွိခ နဲ မိလို့ ကတော့..။

"ဒီမှာ .. ငါ့နာမည်း ငှက်ပျောဖူး မဟုတ်ဘူး ။ မင်းတို့ မေးတာ မ ပြောဘူးလို့ ပြောတာ၊ ဟွန်း.. စောစောကပဲ မင်းတို့ က ငါ့ကို သိသလိုလို နဲ့ ရယ်ပြနေလို့ ငါဆက်လျှောက်သွားတာ.. အခု ငါ့ကို မသိဘူးလား"

"မသိဘူး"

"ဟောဗျာ.. မသိဘဲနဲ့ ရယ်ပြတယ်.. ဟုတ်လား.. ဟား.. ဟား.. ဒါ... ဒါ The Golden Three Bells ကုမ္ပဏီ မဟုတ်ဘူး လား"

"ဟုတ်တယ်လေ.. ရှင်က ဘာထင်နေလို့ လဲ"

"ဆူးလေ ဘတ်စ်ကားဂိတ် ထင်လို့ "

"ဟယ်.. ကြည့်စမ်း လက်ဝဲရံ၊ ဒါ.. ငါတို့ ကို စော်ကားတာ ဒီမှာ .. ဒီမှာ .. ကျွန်မတို့ ကို ဆူးလေ ဘတ်စ်ကားဂိတ်က ဟာတွေများ အောက်မေ့နေလို့ လား... ဒီကုမ္ပဏီရဲ့ အထက်လူကြီးက ညွှန်ကြားထားလို့ ကိုယ့်ဆီလာတဲ့ ဧည့်သည် ကို သိသိ မသိသိ ပြုံးပြနေတာ..."

"ဟုတ်.. ဟုတ်တော့ ဟုတ်တယ်... ဒီကိုကြီး ပြောတာ စိတ်တော့မဆိုးနဲ့ ၊ ငါတို့ သုံးယောက်ကလည်း ဒီကိုကြီး ပြောသလို ဖြစ်နေပြီ၊ အဟင်း.. ရံ တောင်းပန်ပါတယ်နော် ကိုကြီး.. ရံတို့ က ဒီနေ့မှ အလုပ်စဝင်လာတဲ့ ဝန်ထမ်းအသစ်တွေ ဖြစ်နေလို့ ပါ.. ကိုကြီးက ဘယ်သူလဲ.."

"လက်ျာရံ.."

"အို.. ကိုကြီး နာမည်က လက်ျာရံ ဟုတ်လား... ဒုက္ခပါပဲ ကိုကြီးရယ် .. ခစ်ခစ်.. ရံနဲ့ ကိုကြီး တွေ့မှ တွေ့တတ်တယ်၊ ကြည့်စမ်း.. ရံနာမည်က လက်ဝဲရံတဲ့ ကိုကြီးရဲ့ ..."

"လက်ဝဲရံ"

ကိုကြီး မျက်နှာလေးတွေက ရံမျက်နှာလေးကို တအံ့တဩလေးနှင့် ကြည့်ကာ အရောင်ပြောင်းသွားရပြီ။

"ဟုတ်.. ဟုတ်တယ် ကိုကြီး၊ ရံက လက်ဝဲရံ.. ဒီဘက် တစ်ယောက်က အဝါရောင်၊ ကိုကြီး နောက်မှာ ရပ်နေတာက ဆွေချစ်တဲ့ .. ရံတို့ သုံးယောက်က အဆောင်တိုက်ခန်း တစ်ခုမှာ အတူတူ စပ်တူငှားနေတဲ့ ဘော်ဒါတွေလေ.. ဟဲဟဲ.. ကိုကြီးပုံစံလေးက အရမ်းမိုက်လို့ ရံတို့ က မိတ်ဆက်တာနော် ကိုကြီး.. ကိုကြီး အရမ်းချောတယ် သိလား.. "

ရံ မအောင့်နိုင်တော့လို့ ထုတ်ပြောမိတာပါ။

ကိုကြီး လက်ျာရံဟာ ရံပြောသလို တကယ်လည်း မှုံညက်ဝင်းထင်း

နေအောင် ချောတဲ့ ကိုကြီးပါ။ နှုတ်ခမ်းထောင့်လေးကွေးပြီး ပြုံးလိုက်တဲ့ အပြုံးကလေးကမှ တကယ် Classis Smile လေး။ ရုံ တစ်သက်နဲ့ တစ်ကိုယ် ဒီလို တည်တင်းပြီး ချောတဲ့ ယောကျ်ားလေးတစ်ယောက်ကို ပထမဆုံး တွေ့ဖူးတာပါပဲ။

"ရုံနော်.. ဒီလို ချောတဲ့ သူတွေပဲ။ ကုမ္ပဏီတွေထဲကို ခပ်တည်တည် ဝင်ပြီး အလစ်သုတ်ချင်သုတ်တာ၊ မေးစရာရှိတာ ခပ်ပြတ်ပြတ်ပဲမေး၊ မသင်္ကာရင် လုံခြုံရေးဌာနကို ဖုန်းဆက်အကြောင်းကြားပြီး အချုပ်ထဲ ထည့်လိုက်..."

ဆွေချစ်ကတော့ ဆူးလေ ကားဂိတ်က ဟာတွေနဲ့ အနိုင်းခံထားရလို့ အစာမကြေ။ မျက်စောင်းလေး ဝဲနေအောင် လှမ်းထိုးပြီး မျက်မှောင်တန်းလေးကိုလည်း မိုင်ကုန်အောင် တအားစုကုတ်ထား၏။

"ဟဲ.. ဟဲ.. ဆွေချစ်ပြောတာ စိတ်မဆိုးနဲ့ နော် ကိုကြီး.. ကိုကြီး နာမည်က လင်္ကျာရုံ ဆိုတာကတော့ ဟုတ်ပါပြီ၊ ကိုကြီးက ဧည့်သည် ဆိုရင် ဒီကုမ္ပဏီက ဘယ်သူနဲ့ တွေ့ချင်လို့ ပါလဲ"

"ဟွန်း.. မင်းတို့ က ဒီကုမ္ပဏီမှာ လင်္ကျာရုံဆိုတဲ့ နာမည်ကို မကြားဖူးသေးဘူးပေါ့"

"ဟင့်အင်း.. တစ်ခါမှ မကြားဖူးဘူး"

"ငါက ဒီကုမ္ပဏီရဲ့ မန်နေဂျင်း ဒါရိုက်တာ လင်္ကျာရုံဆိုတာ ငါပဲ.."

"ဘုရားရေ.. သေပြီ.."

ကိုကြီးကို ကြည့်ပြီး သုံးယောက်သား ကျောက်ရုပ်ကြီးတွေလို မျက်တောင်မခတ်နိုင်တော့ဘဲ တစ်ကိုယ်လုံး အေးစက်သွားရပြီ။

"ကို... ကိုကြီးက ဒီကုမ္ပဏီရဲ့ မန်နေဂျင်း ဒါရိုက်တာ ဟုတ်လား...

ဟဲဟဲ.. မသိလို့ နော် ကိုကြီး.. ဆောရီး.. ဆောရီး...ရုံတို့ က ဒီနေ့မှ အလုပ်စဝင်တာ ကိုကြီးကို မသိလို့ ခေါ်မေးမိတာပါ.. ဟဲ့.. ဆွေချစ် ကိုကြီး လက်ထဲက အိတ်ကို ယူပြီး အပေါ်ထပ်ရုံးခန်းအထိ လိုက်ပို့ လိုက်လေ.."

"ပေး.. ပေး.. ကိုကြီး လက်ထဲကအိတ်.. ဆွေချစ်ကိုပေး.."

"ရတယ်.. ငါ.. ဒီလိုပဲ အမြဲသွားနေကျ.."

ကိုကြီး မျက်ဝန်းအကြည့်လေးက ရုံမျက်နှာပေါ် စူးခနဲ ကျလာ၏။

"ကဲ.. လက်ဝဲရုံ.. မင်းက ငါနဲ့ လိုက်ခဲ့.."

"ရှင်..."

"ငါ.. မင်းနဲ့ စကားပြောချင်တယ်.."

သွားပါပြီ။ ဟိုက ကြည့်နေတာ မျက်နှာထား တည်တည်ကြီးနဲ့ ။

အလုပ်ကနေ ထွက်စာတင်ဖို့ ရုံ့ကို ပြောတော့မည်။

အဟင့်... အဲဒါ ဆွေချစ် စွတ်ဟောက်နေလို့ ။

အဲဒါ.. ဆွေချစ် လူကဲ မခတ်တတ်လို့ ။

ကိုကြီး လက်ျာရုံရဲ့ နောက်မှာ လိုက်ခဲ့ရတဲ့ လက်ဝဲရုံ တစ်ယောက်ကတော့ ခေါင်းကလေး ငိုက်စိုက်ချရင်း စိတ်ဓာတ်လေးကပါ ကျလို့ ပေါ့။

***